# မြန်မာနိုင်ငံ၌ အဆိုးဝါးဆုံး မြေငလျင်ဒဏ် ခံရချိန်တွင် အင်တာနက် ပိတ်ဆို့ ကန့်သတ်ထားခြင်းများကို ပယ်ဖျက်ရန် စုပေါင်း ကြေညာချက် ထုတ်ပြန်

(၃၁ ရက်၊ မတ်လ၊ ၂၀၂၅ ခုနှစ်)

မတ်လ ၂၈ ရက်နေ့က နိုင်ငံအလယ်ပိုင်းကို ဗဟိုပြုကာ နိုင်ငံ့သမိုင်းတွင် အပြင်းထန်ဆုံးဟုပြောနိုင်သော ရစ်ချ်တာ စကေး ၇ ဒသမ ၇ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး နောက်ဆက်တွဲ ငလျင်များလည်း လှုပ်ခတ်ခဲ့သည်။ စစ်ကိုင်းမြို့ အနီးအခြေပြု လှုပ်ခတ်ခဲ့သော အဆိုပါ မြေငလျင်ဒဏ်ကို စစ်ကိုင်း၊ မန္တလေး နှင့် နေပြည်တော်မြို့များတွင် အဆိုးဝါးဆုံးခံစားရပြီး၊ မြို့နယ်ပေါင်း (၆၇) မြို့နယ်ခန့်က ငလျင်ဒဏ် ခံစားခဲ့ရသည်။ သေဆုံးသူ ဦးရေမှာ လက်ရှိ မတ်လ ၃၀ အထိ ၂၀၀၀ ကျော် အထိ ရှိလာပြီး၊ ဆက်လက် မြင့်တက်လျက်ရှိသည်။ လက်ရှိအချိန်၌ အပျက်အစီးများအကြား ပိတ်မိနေသော အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်နိုင်ရေးနှင့် ငလျင်ဒဏ်ခံစားရသည့် နေရာများရှိ အများ ပြည်သူအတွက် အရေးပေါ် ကယ်ဆယ်ရေးအကူအညီများ အမြန်ဆုံးလိုအပ်လျက်ရှိသည်။

သို့ရာတွင် ယခုကြေညာချက် ထုတ်ပြန်သည့် အချိန်အထိ (ငလျင်လှုတ်ခပ်ပြီး ၄၈ နာရီကျော်သည်အထိ) အရေးပေါ်အကူအညီများ အရေးတကြီးလိုအပ်ချိန်တွင် အခြေခံကျသော လိုအပ်ချက် ဖြစ်သည့် အင်တာနက် ဝန်ဆောင်မှုများ ပိတ်ဆို့ခြင်းနှင့် ကန့်သတ်ခြင်းများကို စစ်ကောင်စီက ဆက်လက် လုပ်ဆောင်လျက်ရှိသည်။ အများပြည်သူ၏ အသက်အန္တရာယ်ကို လျစ်လျူရှု့ကာ စစ်ကောင်စီက ဆက်သွယ်ရေး ဖြတ်တောက်မှုအား ဆက်လက် လုပ်ဆောင်နေခြင်း အပေါ် ကျွန်ုပ်တို့က **အပြင်းထန်ဆုံး (အပြင်းထန်ဆုံး) ရှုတ်ချပြီး၊** အင်တာနက်နှင့် ဆက်သွယ်ရေးလိုင်းများနှင့် အများပြည်သူ သတင်းအချက်အလက် ရပိုင်ခွင့်ကို **ကန့်သတ်ထားသည့် မည့်သည့် ကန့်သတ်မှုကို မဆို ချက်ခြင်း လက်ငင်း ရုပ်သိမ်းဖယ်ရှားရန်** နှင့် အင်တာနက်နှင့် ဆက်သွယ်ရေး ဝန်ဆောင်မှုများ ပြည့်ပြည့်ဝဝ ရရှိရေး **ချက်ခြင်း ခြွင်းချက်မရှိ လုပ်ဆောင်ရန်** တောင်းဆို လိုက်သည်။ အင်တာနက် ပိတ်ဆို့ကန့်သတ်မှုများ ကြောင့် အများပြည်သူ အသက်ဆုံးရှုံးမှုများ နှင့် နစ်နာမှုများ အားလုံးအတွက် စစ်ကောင်စီမှ တာဝန်ခံရန် ကျွန်ုပ်တို့က ဤကြေညာချက်ဖြင့် တောင်းဆိုသည်။

ဒစ်ဂျစ်တယ် အခွင့်အရေးအဖွဲ့များက ပြုစုထားသော အချက်အလက်များအရ မြန်မာနိုင်ငံ တဝှမ်းလုံးတွင် စစ်ကောင်စီ၏ အင်တာနက်ဖြတ်တောက်မှုကို လက်ရှိခံနေရသည့်မြို မြို့နယ်ပေါင်း (၁၀၀)ခန့် ရှိရာ အဆိုပါစာရင်းတွင် လက်ရှိငလျင်ဒဏ်ကိုခံစားရသည့်မြို့နယ်များ ပါဝင်သည်။ ထို့အပြင် စစ်ကောင်စီသည် အများပြည်သူ သတင်းအချက်အလက် ရရှိနိုင်သော လူမှုကွန်ရက် စာမျက်နှာများ၊ သတင်းမီဒီယာများ နှင့် ဝက်ဘ်ဆိုဒ်များ အပါအဝင် အင်တာနက် ဝက်ဘ်ဆိုဒ် များအား ပိတ်ပင်သော "Firewall" များ တပ်ဆင်ထားခြင်းအား ဖယ်ရှားခဲ့ခြင်း မရှိသေးသည်ကို တွေ့ရသည်။ လျှပ်စစ်မီး ပြတ်တောက်မှုနှင့် ငလျင်ဒဏ်ကြောင့် ဆက်သွယ်ရေးကွန်ရက် အခြေခံ အဆောက်အအုံ ထိခိုက်မှုများကြောင့် အင်တာနက် ဆက်သွယ်ရေးအခြေအနေ ပိုမိုဆိုးဝါးစွာပြတ်တောက်မှုကို မြန်မာ ပြည်သူများ ကြုံတွေ့လျက်ရှိသည်။

ထို့အပြင် ၎င်းတို့ အာဏာသိမ်းရန် ကြိုးစားခဲ့သော ပြီးခဲ့သည့်(၄)နှစ်တာကာလအတွင်း သတင်းစာတိုက်များ ပိတ်သိမ်းခြင်း၊ သတင်းဝက်ဘ်ဆိုဒ်များကိုပိတ်ခြင်း၊ သတင်းမီဒီယာသမားများကို ဖမ်းဆီးထောင်ချခြင်း၊ သွားလာသတင်းရယူမှု ကန့်သတ်ခြင်းများ အပါအဝင် အများပြည်သူ သတင်းအချက်အလက် ရရှိနိုင်သည့် ယန္တရားများကို ဖြတ်တောက် ပိတ်ဆို့မှုမျိုးစုံ လုပ်ဆောင်ခဲ့သည် ဖြစ်ရာ လက်ရှိ ဆိုးဝါးပြင်းထန်သည့် ငလျင်လှုပ်ခတ်ခဲ့မှု ခံစားရချိန်တွင် စစ်ကောင်စီ၏ လုပ်ရပ်များကြောင့် မြေပြင်၌ ဖြစ်ပျက်နေသော အခြေအနေအမှန်များကို သိနိုင်မှု မရှိသည့်အတွက် ငလျင်ဘေး၏ ပြင်းထန်မှုအခြေအနေအတိအကျ၊ သိနိုင်ခြင်းမရှိတော့ပါ။ သတင်းစီးဆင်း မှုပိတ်ဆို့၍ အချက်အလက် စီးဆင်းမှုများကို အဟန့်အတားဖြစ်စေရုံသာမက အချိန်နှင့်တပြေးညီ ကယ်ဆယ်နိုင် ခြင်းမရှိခဲ့သော သေဆုံးမှုများအတွက်ပါ တာဝန်ရှိသည်။

**သို့ပါ၍ အာဏာသိမ်းစစ်ကောင်စီ** အား ကျွန်ုပ်တို့၏တောင်းဆိုချက် -

**(၁) နိုင်ငံတဝှမ်း ပိတ်ထားသော အင်တာနက်လိုင်းအပါအဝင် ဆက်သွယ်ရေးလိုင်းအားလုံးကို ချက်ခြင်း ခြွင်းချက်မရှိ ဖွင့်ပေးရန်။** ငလျင်ဒဏ်ကြောင့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦးများ၊ လျှပ်စစ်မီးပေးစနစ် စသည့်ပျက်စီးမှုများရှိပါက ချက်ခြင်း ဦးစားပေး ပြင်ဆင်ရန်။

***(၂) Firewall* တပ်ဆင်ထားခြင်းအပါအဝင် အင်တာနက်ကို ဆင်ဆာဖြတ်တောက်ရန် နှင့် ကန့်သတ်ရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ထားမှုများ အားလုံးကို ချက်ခြင်း *(ခြွင်းချက်မရှိ)* ရပ်တန့်ကာ အများပြည် သူ၏အင်တာနက် ပြည့်ပြည့်ဝဝရရှိရေး ချက်ခြင်းလုပ်ဆောင်ရန်။** အသက်ကယ်နိုင်ရေး စက္ကန့်နှင့်အမျှ အရေးကြီးနေချိန်တွင် အင်တာနက် နှေးကွေးမှုကို ဖြစ်စေသည့် ဗီပီအဲန် (VPN) ခံ၍ အများပြည်သူက မဖြစ်မနေ အသုံးပြုနေရခြင်းသည် ဆင်ဆာဖြတ်မှု ယန္တရားသက်သက် မဟုတ်ဘဲ လူသတ်လက်နက်ဖြစ်စေသည်။

**(၃) မီဒီယာများ လွတ်လပ်စွာ သတင်းအချက်အလက် ရယူမှု အပေါ် ကန့်သတ်ထားမှုများကို ချက်ခြင်း *(ချက်ခြင်း)* ဖယ်ရှားရန်။** သတင်းမီဒီယာသမားများအား ဖမ်းဆီးအရေးယူမှုနှင့် ခြိမ်းခြောက်မှုများကို လုံးဝ *(လုံးဝ)* လုပ်ဆောင်ခြင်း မပြုရန်။

**(၄) အများပြည်သူ၏ သတင်းအချက်အလက် ရယူနိုင်ရေးနှင့် လိုအပ်သည့် အရေးပေါ် ကယ်ဆယ်ရေးများကို လွတ်လပ်စွာ တောင်းခံရယူနိုင်ရန် အတွက် အဟန့်အတားဖြစ်စေသည့် စစ်သား စုဆောင်းမှု၊ ဖမ်းဆီးမှု၊ သတ်ဖြတ်မှု၊ ခြိမ်းခြောက်မှုနှင့် လေကြောင်း တိုက်ခိုက်မှုများ အပါအဝင် အားလုံးကိုချက်ခြင်း *(ချက်ခြင်း)* ခြွင်းချက်မရှိ အပြီး ရပ်တန့်ရန်။** ငလျင်ဒဏ်ခံ စားရသူများအတွက် ကူညီလုပ်ကိုင်နေသူများ နှင့် သတင်းရယူမှုများကို ဖမ်းဆီး အပြစ်ပေးခြင်းများ လုပ်ဆောင်ခြင်း မပြုရန်။

***(၅)* အင်တာနက်ပိတ်ဆို့မှုများ နှင့် အများပြည်သူ သတင်းအချက်အလက် ရယူပိုင်ခွင့်အပေါ် ကန့်သတ်ခဲ့သည် လုပ်ရပ်များကြောင့်** ငလျင်ဘေး ကာလအတွင်း သတင်းအချက်အလက် စီး ဆင်းမှုများကို အဟန့်အတားဖြစ်စေရုံ သာမက အချိန်နှင့်တပြေးညီ အကယ်ဆယ်နိုင်ခဲ့သော

သေဆုံးမှုများရှိနိုင်သည်ဖြစ်ရာ **လူထု အသက် ဆုံးရှုံးရမှုများ နှင့် အဖက်ဖက်မှ နစ်နာခဲ့ရမှုများ အတွက် စစ်ကောင်စီ တစ်ဖွဲ့တည်းတွင်သာ အပြည့်အဝ တာဝန်ရှိသည့် အတွက် အပြည့်အဝ တာဝန်ခံရန်။**

နိုင်ငံတကာ အစိုးရများ၊ ကုလသမဂ္ဂ (UN) အဖွဲ့အစည်းများ၊ လူသားခြင်း စာနာထောက်ထားမှု ဆိုင်ရာ အကူအညီ ပေးရေး အဖွဲ့အစည်းများ နှင့် အိုင်စီတီ နည်းပညာ ကုမ္ပဏီများ အပါအဝင် **နိုင်ငံတကာ အသိုင်းအဝိုင်း** သို့ ကျွန်ုပ်တို့၏ တောင်းဆိုချက် -

- အများပြည်သူက လိုအပ်သည့် အရေးပေါ်အကူအညီများ တောင်းခံနိုင်ရေးနှင့် ပြင်ပကမ္ဘာဖြင့် ဆက်သွယ်နိုင်ရေးအတွက် **အင်တာနက်ပိတ်ဆို့မှု နှင့် ကန့်သတ်မှုများ ဖယ်ရှားရေး စစ်ကောင်စီအား ဖိအားပေး တောင်းဆိုရန်။**
- **အများပြည်သူ သတင်းအချက်အလက် ရပိုင်ခွင့်နှင့် သတင်းလွတ်လပ်ခွင့်များအပေါ် ကန့်သတ်နေမှုများအား ရပ်တန့်စေရေး စစ်ကောင်စီအား ဖိအားပေးတောင်းဆိုရန်။**
- အရေးပေါ် အခြေအနေများတွင် ဆက်သွယ်ရေး ပြတ်တောက်ခြင်း မရှိဘဲ **အရေးပေါ် ဆက်သွယ် ရေးဆိုင်ရာ ဖြေရှင်းနည်းများကို ထိရောက်စွာ ဆောင်ရွက်ပေးရန်။**
- **ဆက်သွယ်ရေးဆိုင်ရာ အကူအညီများ အပါအဝင် အရေးပေါ် အကူအညီများကို စစ်ကောင်စီက အများပြည်သူအား ဖိနှိပ်ရာတွင် အသုံးချခြင်းမျိုး မဖြစ်စေရေး ဆောင်ရွက်ပေးရန်။**

**"သေဆုံးမှုများ ပိုတိုးမလာခင် အင်တာနက်ကို ချက်ချင်းပြန်ဖွင့်ပါ"**

**မြန်မာနိုင်ငံ၊ ဒေသတွင်းနှင့် နိုင်ငံတကာရှိ ဒီဂျစ်တယ်အခွင့်အရေးလှုပ်ရှားသောအဖွဲ့များ**

**ဆက်သွယ်ရန်**
**ထိုက်ထိုက်အောင် (Myanmar Internet Project) - htaike@myanmarinternet.info**
**ဝေဖြိုးမြင့် (Access Now) - waiphyo@accessnow.org**
**Eupoke (Athan) - eupoke@athanmm.org**

**အောက်ပါအဖွဲ့များမှ လက်မှတ်ရေးထိုးထားပါသည်**
List of signatories:

1. 5/ of Zaya State Strike
2. A-Yar-Taw People Strike
3. Access Now
4. Activate Rights ( Bangladesh)
5. All Aung Myay Thar San Schools Strike Force
6. Alliance of Students' Union – Yangon (ASU-Yangon)

7. Alternatives (Montreal)
8. Alternative Solutions for Rural Communities (ASORCOM)
9. Anti-Junta Alliance Yangon-AJAY
10. Association for Progressive Communications (APC)
11. Association Suisse-Birmanie
12. Athan - Freedom of Expression Activist Organization
13. Ayeyarwady Youth Network
14. Basic Education Worker Unions – Steering Committee (BEWU-SC)
15. Burma Academy
16. Burma Podcast Network
17. CAN - Myanmar
18. CDM Medical Network (CDMMN)
19. Central European Institute of Asian Studies
20. Chaung Oo Township Youth Strike Committee
21. Chin Human Rights Organization (CHRO)
22. Civil Information Network (CIN)
23. Coalition for Democracy (C4D)
24. Coalition Strike Committee – Dawei
25. Dawei Youths Revolutionary Movement Strike Committee
26. Defend Myanmar Democracy-DMD
27. Depayin Township Revolution Steering Committee
28. DigiSec Lab
29. Digital Rights Collective
30. Doh Ayay
31. EngageMedia
32. Ethnic Youth General Strike Committee (Mandalay)
33. Exile Hub
34. Foundation for Media Alternatives
35. General Strike Collaboration Committee (GSCC)
36. General Strike Committee of Basic and Higher Education (GSCBHE)
37. Generation Wave
38. Global Voices
39. GMSR Korea 글로벌 미얀마 봄혁명 연대 -တကမ္ဘာလုံးဆိုင်ရာ မြန်မာ့နွေဦးတော်လှန်ရေး
40. Human Rights Journalists Network Nigeria
41. Info Birmanie
42. JCA-NET(Japan)
43. Kachin Student Union
44. Kalay Township Strike Force
45. Kanbalu Strike Committee
46. KengTung Youth Network
47. Korea University Law School International Human Rights Clinic
48. Korean Progressive Network Jinbonet
49. Kyain Seikgyi Spring Revolution Leading Committee
50. Kyauk Padaung Youth Network

51. Kyaukse Youth Network
52. Latpadaung Region Strike Committee
53. LGBT Alliance
54. Magway People’s Revolution Committee
55. Mandalay Medical Family (MFM)
56. Mandalay Regional Youth Network
57. Mandalay Strike Force (MSF)
58. Mandalay-Based University Students’ Unions (MDY_SUs)
59. Manushya Foundation
60. MayMyo Strike Force
61. Monywa People’s Strike Steering Committee
62. Monywa-Amyint Road Strike Leading Committee
63. Myanmar Internet Project
64. Myanmar Labor Alliance (MLA)
65. Myanmar Studies Center at Palacky University
66. Myanmar Tourism Committee
67. Myaung Youth Network
68. Myingyan Civilian Movement Committee
69. Narrative Power
70. National Youth Congress (NYC)
71. New Rehmonnya Federated Force
72. Nyan Lynn Thit Analytica
73. Nyaung Oo Youth Network
74. Nyimuyar Initiative
75. OCTOPUS (Youth Organization)
76. Open Net (Korea)
77. Open Observatory of Network Interference (OONI)
78. Pale Township People’s Strike Steering Committee
79. PEN America
80. Pollicy
81. Public Virtue Research Institute
82. Purple Window Counselling
83. Pyi Gyi Tagon Strike Force
84. Red en Defensa de los Derechos Digitales (R3D)
85. Shwe Pan Kone People`s Strike Steering Committee

86. South East Asia Collaborative Policy Network (SEA CPN)
87. Southeast Asia Freedom of Expression Network (SAFEnet)
88. Southern Monitor
89. Spring Revolution Security
90. Spring Sprouts
91. Spring University Myanmar
92. Ta'ang Women's Organization _TWO
93. Tanintharyi Youth Network (TYN)

94. Taze Strike Committee
95. The Red Flag
96. U.S. Campaign for Burma
97. University of Medicine Mandalay Students' Union Revolution Front (UMMSURF)
98. University Students' Unions Alumni Force
99. Wetlet Revolution Leading Committee
100. White Coat Society Yangon (WCSY)
101. WHAT TO FIX
102. Women Alliance Burma (WAB)
103. Yadanabon University Students' Union (YDNBUSU)
104. Yasakyo Township People`s Strike Steering Committee
105. Viet Tan
106. Yinmarpin and Salingyi All Villages Strike Committee
107. Youth Development Institute (YDI)
108. 1 Undisclosed organization (due to security concern
109. Women Of Uganda Network (WOUGNET)
110. Miaan Group
111. Tech Global Institute
112. Kurdistan without Genocide
113. Organization of the Justice Campaign
114. Life campaign to abolish the death sentence in Kurdistan
115. TEDIC, Paraguay
116. Afia-Amani Grands-Lacs
117. Association Suisse-Birmanie
118. FORUMVERT
119. May First Movement Technology
120. Centre for Independent Journalism (Malaysia)